# مخالفات الحج والعمرة والزيارة

# (للجمعية)

# ဟဂ်ျ၊ အွမ်ရာနှင့် ဇေယာရသ်

# ပြုလုပ်ခြင်းတို့တွင် တရားတော်နှင့်

# ဆန့်ကျင်သည့်လုပ်ရပ်များ

# ဟဂ်ျ၊ အွမ်ရာနှင့် ဇေယာရသ် ပြုလုပ်ခြင်းတို့တွင် တရားတော်နှင့် ဆန့်ကျင်သည့်လုပ်ရပ်များ

အစ္စလာမ်သာသနာ

နှင့် ပတ်သက်၍

ဘာသာစကားများစွာဖြင့်စုစည်းတင်ပြပေးနေသော ပညာ ရေးဆိုင်ရာဌာန

**အွမ်ရာနှင့်ပတ်သက်သည့် တရားတော်နှင့် ဆန့်ကျင်၍ ကျူး လွန်လေ့ ရှိသည့် လုပ်ရပ်များနှင့် အမှားများ။**

## (၁) အဲဟ်ရာမ် ပြုလုပ်ရာတွင် လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။

၁။ (ဟဂ်ျ သို့မဟုတ် အွမ်ရာ ကျင့်စဉ်) ၏ နီယသ်ကိုစတင်ပြုလုပ်သည့်အခါတွင် သလ်ဗိယဟ်ကို အသံကျယ်လောင်စွာဖြင့်ရွတ်ဆိုမှုမပြုလုပ်ခြင်း။

သလ်ဗိယဟ်ကို အသံကျယ်ကျယ် ရွတ်ဆိုခြင်းသည် စုန္နသ်ဖြစ်သည်။

၂။ အချို့လူများက အဲဟ်ရာမ်ဟူသည် (အီဇာရ်နှင့် ရိဒါအ်) အဝတ်များကို ဝတ်ဆင်ခြင်းသာဖြစ်သည်ဟု ထင်မြင်ယူဆကြသည်။

တကယ်တော့ အဲဟ်ရာမ်ဟူသည် - ဟဂ်ျ သို့မဟုတ် အွမ်ရာ၏ ကျင့်စဉ်တွင် ဝင်ရောက်ရန် နီယသ်ပြုလုပ်ခြင်းဖြစ်ပြီး ၎င်း၏ ပုံစံအမှတ် အသားမှာ သလ်ဘီယဟ်ကို အသံကျယ်လောင်စွာရွတ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် မည် သူမဆို သလ်ဘီယဟ်ကို အသံကျယ်လောင်စွာ ရွတ်ဆိုလျက် ဟဂ်ျ (သို့) အွမ်ရာ၏ နီယသ်ပြုလိုက်ပါက စင်စစ် ထိုသူသည် အဲဟ်ရာမ်ပြုလုပ်လိုက်ခြင်းပင်ဖြစ် သည်။

၃။ အချို့လူများက အဲဟ်ရာမ်အတွက် ရေချိုးခြင်းသည် ဝါဂျိဗ်ဖြစ်သည်ဟုယူဆကြသည်။

အမှန်မှာ အဲဟ်ရာမ်အတွက် ရေချိုးခြင်းသည် စွန္နသ်သာလျှင်ဖြစ်ပြီး မည်သူမဆို အဲဟ်ရာမ်အတွက် ရေချိုးခြင်းကို မပြုလုပ်ပါက ၎င်းအပေါ်၌ မည်သည့် အပြစ်တစ်စုံတစ်ရာမျှမရှိပါ။

၄။အချို့လူများက အဲဟ်ရာမ်ပြုရာတွင် ဆွလာသ်နှစ်ရကအသ်ကို ဖတ်ရွတ်ခြင်းသည် ဝါဂျိဗ် (သို့) မည်သည့်အ

ခြေအနေမဆို ဖတ်ရွတ်ရန် လိုအပ်သော သီးသန့် စွန္နသ်ဖြစ်သည်ဟု ထင်မြင်ယူဆကြသည်။

အမှန်မှာ အဲဟ်ရာမ်မပြုမီ ဆွလာသ်ဝတ်ပြုခြင်းသည် မွတ်စ်သဟာဗ်ဖြစ်သော်လည်း ၎င်းအတွက် သီးသန့်ဆွလာသ်ဟူ၍ မရှိပါ။ ထို့ကြောင့် မည်သူမဆို ဖရည်ဆွလာသ် သို့မဟုတ် အခြားတရားတော်လာ မည်သည့်ဆွလာသ်ကိုမဆို ဝတ်ပြုပြီးနောက် အဲဟ်ရာမ်ပြုလုပ်နိုင်သည်။

၅။ အချို့လူများ၏ ယူဆချက်မှာ မီကားသ်

(အဲဟ်ရာမ်ပြုလုပ်ရာနေရာ)တွင် ရပ်တန့်ခြင်းနှင့် ဗလီထဲ၌ ဆင်းသက်နားခိုခြင်းသည် ဝါဂျိဗ်ဖြစ်သည်ဟုထင်ကြသည်။

ထိုသို့ပြုလုပ်ခြင်းသည် ဝါဂျိဗ်မဟုတ်ပါ။ ထို့ကြောင့် မည်သူမဆို အဲဟ်ရာမ်ဝတ်ဆုံကို အသင့်ဝတ်ဆင်ထားပြီး မီကားသ်မှဖြတ်လျှင် ထိုနေရာ(မီကားသ်)

တွင် သလ်ဘိယဟ် ရွတ်ဆိုရမည်။ သို့မဟုတ် မီကားသ်နှင့် မျက်နှာခြင်းဆိုင်ရှိ မိမိ၏ ကားအတွင်း၌ပင် သလ်ဘိယဟ် ရွတ်ဆိုပါကလည်း လုံလောက်ပါသည်။ ပမာအားဖြင့် လေယာဉ်ဖြင့် လာသူသည် မီကားသ်နှင့် တပြေးတည်းဖြစ်

သည့်အခါ သို့မဟုတ် မီကားသ်ကို မကျော်လွန်စေရန်အတွက် မီကားသ် ရောက်မီအလျင် အချိန်အနည်းငယ်စော၍ သလ်ဗိယဟ် ရွတ်ဆိုသကဲ့သို့ပင်ဖြစ်သည်။

၆။ အဲဟ်ရာမ်ဝတ်ရုံကို အမွှေးအကြိုင် သုတ်လိမ်းခြင်း။

အမှန်မှာ ခန္ဓာကိုယ်တွင်သာ အမွှေးအကြိုင် သုတ်လိမ်းခြင်းဖြင့် လုံလောက်ပါသည်။

၇။ အချို့လူများက အဲဟ်ရာမ်ပြုလုပ်သည့်အခါတွင် ချက်အောက်မွှေးရိတ်ခြင်း၊ လက်သည်းခြေသည်း ညှပ်ခြင်း၊ ချိုင်းမွှေးရိတ်ခြင်းတို့ကို ဝါဂျိဗ် (သို့) အဲဟ်ရာမ်၏ စွန္နသ်ဟု ထင်မြင်ယူဆကြသည်။

အမှန်တကယ်တော့ထိုလုပ်ရပ်များသည် လိုအပ်ပါက အချိန်မရွေးပြုလုပ်ရသည့် စွန္နသ်တော်သာဖြစ်သည်။

၈။ မီကားသ် မရောက်မီ အဲဟ်ရာမ်ပြုလုပ်ခြင်း။

ဤသို့ပြုလုပ်ခြင်းသည် စွန္နသ်နှင့် ဆန့်ကျင်သော်

လည်း၊ လေယာဉ်စီးသူများအနေဖြင့် လေယာဉ်မြန်နှုန်းကြောင့် မီကားသ်နှင့် တပြေးညီဖြစ်သောနေရာအား လွတ်သွားမည်ကိုစိုးရိမ်ပါက အနည်းငယ်စော၍ အဲဟ်ရာမ်၏ နီယသ်ပြုလုပ်နိုင်သည်။ အလားတူပင် အိပ်ပျော်သွားပြီး မီ

ကားသ်အား လွတ်မည်ကို စိုးရိမ်ရပါက လိုအပ်သလို အချိ န်စော၍ အဲဟ်ရာမ်၏ နီယသ်ပြုလုပ်နိုင်သည်။

၉။ ဟဂ်ျ သို့မဟုတ် အွမ်ရာပြုလုပ်ရန် ရည်ရွယ်ထားသူ သည် မသိနားမလည်မှုကြောင့်ဖြစ်စေ၊ ပေါ့ဆ၍

ဖြစ်စေ၊ လေယာဉ်ပေါ်တွင် ရောက်နေသောကြောင့်ဖြ စ်စေ အဲဟ်ရာမ်မပြုမိဘဲ မီကားသ်ကို ကျော်လွန်သွားခြင်း ။

အကယ်၍ လူတစ်ဦးသည် ဟဂ်ျသို့မဟုတ် အွမ်ရာ ပြု လုပ်ရန် နီယသ်ပြုထားပြီး အဲဟ်ရာမ်မပြုဘဲ မီကားသ်ကို ဖြတ်သန်းသွားခဲ့ပါက၊ ၎င်းသည် မီကားသ်သို့ ပြန်သွားပြီး ထိုနေရာမှ အဲဟ်ရာမ်ပြန် လည်ပြုလုပ်ရန် အရေးကြီးသ ည်။အလားတူပင် အ ကြင်သူသည် ဂျိဒ်ဒါလေဆိပ်တွင် ဆ င်း သက်ပြီး မည်သည့်အကြောင်းကြောင့်မဆို လေယာဉ် ပေါ်တွင် အဲဟ်ရာမ်မပြုခဲ့ပါက၊ ၎င်းသည် မီကားသ် တစ်ခု ခုသို့ အဲဟ်ရာမ်ပြုလုပ်ရန် သွားရောက်ဖို့ အ ရေးကြီးသည် ။ သို့ရာတွင် မည်သည့်မီကားသ်ကိုမျှ မဖြတ်သန်းသူ သို့မ ဟုတ် မီကားသ်နှင့်တပြေးညီ ဖြတ်သန်းခြင်းမရှိသူများသ ည် ခြွင်းချက်အနေဖြင့် ထိုအမိန့်တွင်မပါဝင်ပေ။ ဥပမာ -

လေယာဉ် သို့မဟုတ် သင်္ဘောဖြင့် လာသော ဆူဒန်နိုင်ငံသားများသည် ဂျိဒ်ဒါမှပင် အဲဟ်ရာမ်ပြုလုပ်နိုင်သည်။ သို့သော် ၎င်းတို့သည် မိမိတို့

လာနေသောလမ်းသည် ယလမ်လမ် သို့မဟုတ် ဂျုဟ်ဖာ၏ မီကားသ်နှင့် တပြေးတည်းဖြစ်ကြောင်း သိရှိပါက၊ ထို (မီကားသ်နှင့် တပြေးညီဖြစ်သော )နေရာမှ အဲဟ်ရာမ်ပြုလုပ်ရမည်။

၁၀။ ချုပ်ထားသောအရာ၏ အဓိပ္ပာယ်ကို မှားယွင်းစွာနားလည်ပြီး၊ ချုပ်ထားသည့်အရာတိုင်းကို ဝတ်ဆင်ခြင်းမှ ရှောင်ကြဉ်ခြင်း။ ဥပမာ - ခါးပတ်၊ခါးစည်းကြိုး သို့မဟုတ် ဖိနပ်စသည်တို့ဖြစ်သည်။

ဤသည် မမှန်ကန်ပေ။ ချုပ်ထားသောအရာဆိုသည်မှာ - ပုံမှန်အတိုင်းဝတ်ဆင်လေ့ရှိပြီး ခန္ဓာကိုယ်အချိုးအစားနှင့် ကိုက်ညီအောင် ချုပ်လုပ်ထားသောအဝတ်အစားများကို ဆိုလိုသည်။ ဥပမာ - အင်္ကျီ၊ ဘောင်းဘီ စသည်တို့ဖြစ်သည်။

၁၁။ အမျိုးသမီးသည် လက်အိတ်နှင့် မျက်နှာဖုံး (နိကာဗ်၊ ဘုရ်ကအ်၊ လိစာမ် စသည့် မျက်နှာတစ်ခုလုံးကို ဖုံးအုပ်စေသည့်အရာများ) ကိုဝတ်ဆင်ခြင်း။

အမျိုးသမီးသည် သူစိမ်းယောက်ကျားများအကြားတွင်ရှိနေပါက၊ သူ့အနေဖြင့် မျက်နှာနှင့် လက်များကို မျက်နှာဖုံးနှင့် လက်အိတ်မဟုတ်ဘဲ အခြားအရာတစ်ခုခုဖြင့် ဖုံးအုပ်ရန်အရေးကြီးပါသည်။ အကြောင်းမှာ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က အဲဟ်ရာမ်ပြုလုပ်ထားသောအမျိုးသမီးအား မျက်နှာဖုံးနှင့် လက်အိတ်ဝတ်ဆင်ခြင်းမှ တားမြစ်ထားသောကြောင့် ဖြစ်ပါသည်။

၁၂။ အချို့က - အမျိုးသမီးများအတွက် အဲဟ်ရာမ်ဝတ်စုံသည် အမည်း သို့မဟုတ် အစိမ်း သို့မဟုတ် အဖြူ သီးသန့်ဖြစ်ရမည်ဟု ထင်မြင်ကြခြင်း။

ဤယူဆချက်သည် မမှန်ကန်ပေ။ အိဟ်ရာမ်(နိယသ်) ပြုလုပ်ထားသော အမျိုးသမီးသည်(ရှရီအသ်ဘောင်အတွင်းက) မိမိကြိုက်နှစ်သက်ရာ မည်သည့်အဝတ်အစားကိုမဆို ဝတ်ဆင်နိုင်ပါသည်။ သို့သော် အလှဆင်ထားသော (ဆန်းပြားသော) အဝတ်မျိုး မဖြစ်စေရပါ။

၁၃။ အချို့လူများ၏ ယူဆချက် - အိဟ်ရာမ်ဝတ်ဆုံကို ပြောင်းလဲဝတ်ဆင်ခြင်း သို့မဟုတ် ချွတ်ခြင်းမပြုရဟု ယူဆခြင်း။

အမှန်မှာ - အိဟ်ရာမ်ဝတ်ဆင်ထားသူသည် မိမိ၏ အိဟ်ရာမ်ဝတ်ဆုံကို ပြောင်းလဲဝတ်ဆင်နိုင်သည်။ သို့မဟုတ် လျှော်ဖွပ်ပြီးနောက် ပြန်လည်ဝတ်ဆင်နိုင်ပါသည်။

၁၄။ အိဟ်ရာမ်စတင်သည့်အချိန်မှ အဆုံးအထိ အိဿွ်ဗာအ် (အိဟ်ရာမ်ခြုံထည် ၏ အလယ်ကို ညာဘက်ချိုင်းအောက်အတွင်းထားကာ၊ ခြုံထည်၏ အစနှစ်ဘက်ကို ဘယ်ဘက်ပခုံးပေါ်ထားခြင်း၊ (တနည်း)လက်ယာလက်ကို ဖော်ထားခြင်း) ပြုလုပ်ခြင်း။

မှန်ကန်သောအချက်မှာ အိဿွ်ဗာအ်ကို အွမ်ရာ၏ ဿဝါးဖ် သို့မဟုတ် ဿဝါဖုလ်ကူဒူးမ်(ဆိုက်ရောက်ဿဝါးဖ်) တွင်သာ ပြုလုပ်ရပါသည်။

၁၅။ တရားတော်မှခွင့်ပြုထားသည့် အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ အိဟ်ရာမ်ကို စွန့်လွှတ်၍ အိဟ်ရာမ်မှ ထွက်ခြင်း။

မုဟ်ရင်မ်သည် မိမိ၏ ဟဂျ် သို့မဟုတ် အွမ်ရာ၏ ကျင့်စဉ် ပြီးမြောက်သည်အထိ အဲဟ်ရာမ်အတွင်း၌သာ ရှိနေရန်အရေးကြီးသည်။ သို့ရာတွင် အကယ်၍ အိဟ်ဆွာရ် (ဟဂ်ျ သို့မဟုတ် အွမ်ရာအား အတားအဆီး ဖြစ်စေသည့်အရာ) ကဲ့သို့သော တရားတော်လာ အကြောင်းပြချက်ရှိပါက အဲဟ်ရာမ်မှ ထွက်ခွင့်ရှိသည်။

အကယ်၍ မုဟ်ရင်မ်သည် အဲဟ်ရာမ်စတင်ပြုလုပ်သည့်အခါနီယသ်ထဲတွင် ( တားဆီးသည့်အရာတစ်ခုခု ပေါ်လာပါက အဲဟ်ရာမ်မှထွက်မည်ဟု ) ကြိုတင်သတ်မှတ်ချက်ပြုထားပါက ၎င်းသည် အဲဟ်ရာမ်မှ ထွက်ခွင့်ရှိပြီး ၎င်းအပေါ်တွင် မည်သည့် (ဖိဒ်ယဟ်ပေးဆောင်ရန်) တာဝန်မှမရှိပေ။ အကယ်၍ မုဟ်ရင်မ်သည် ကြိုတင်သတ်မှတ်ချက်မပြုထားပါက ဖိဒ်ယဟ် ပေးဆောင်ရမည်။ ထို့နောက် ခေါင်းရိတ်ခြင်း သို့မဟုတ် ဆံပင်ညှပ်ခြင်းပြုလုပ်ပြီးနောက် အဲဟ်ရာမ်မှ ထွက်ရမည်။

***

## ၂။ သွဝါးဖ်လုပ်ရာတွင် လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။

၁။ မတ်စ်ဂျိဒုလ်ဟရာမ်ဗလီဝတ်

ကျောင်းတော်သို့ ဝင်ရောက်သည့်အခါနှင့် ကအ်ဗဟ် ကျောင်းတော်ကို မြင်တွေ့သည်အခါတွင် ဟဒီးစ်တော်များ တွင် မပါရှိ သော ဒုအာများကို ပြုလုပ်ထားရှိခြင်း။

စင်စစ် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံမှ လာရှိထားသည့် ဒုအာများကို ဖတ်ရွတ်ခြင်းသည်သာ စွန္နသ်ဖြစ်သည်။

၂။ သွဝါးဖ်မပြုလုပ်ခင်အလျင် နီယသ်ကို အသံထွက်၍ ဆိုခြင်း။

နီယသ်ပြုလုပ်ရသည့် နေရာသည် စိတ်နှလုံးသားထဲ၌ ဖြစ်ပြီး ၎င်းအား အသံထွက်ဆိုရန်ပြဌာန်းချက်မရှိပေ။

၃။သတိထားဆင်ခြင်သည့်အနေဖြင့် ဟဂ်ျရေအတ်စ်ဝဒ် မရောက်မီ သွဝါးဖ်ကို တမင်ရည်ရွယ်၍ စတင်လုပ်ဆောင်ခြင်း။

ဤသည် အတိုင်းထက်အလွန်ပြုခြင်းနှင့် အစွန်း ရောက်ခြင်းသာလျှင်ဖြစ်သည်။

၄။ ဟဂျ်ရေအတ်စ်ဝဒ်ကို ကျော်လွန်ပြီးမှ သွဝါးဖ်ကို စတင်ကာ လှည့်ပတ်သည့်အကြိမ်ကိုထိုမှစပြီးရေတွက်ခြင်း။

ဤသည်မှာ မှားယွင်းသောလုပ်ရပ်ဖြစ်ပြီး ထိုသို့ပြုလုပ်ပါက ယင်းလှည့်ပတ်သည့်အကြိမ်ကို ရေတွက်ခွင့်မရှိပါ။

၅။ ဟဂျ်ရေအတ်စ်ဝဒ်နှင့် တစ်တန်းတည်းနေရာသို့ရောက်ရှိချိန်တွင် ဆွလာသ်တွင် လက်မြှောက်သကဲ့သို့ လက်နှစ်ဖက်ကိုမြှောက်ခြင်း (သို့) သုံးကြိမ်တိတိ လက်မြှောက်ခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ သွဝါးဖ်လှည့်ပတ်သူသည် မိမိ၏ညာလက်ဖြင့် ဟဂျ်ရေအတ်စ်ဝဒ်ဘက်သို့ တစ်ကြိမ်သာလျှင် ညွှန်ပြခြင်းဖြစ်သည်။

၆။ ဟရေအတ်စ်ဝဒ်နှင့် တစ်တန်းတည်းနေရာသို့ရောက်ရှိချိန်တွင် ကြာရှည်စွာ ရပ်နေခြင်း။

စင်စစ် စွန္နသ်တော်မှာ ကြာရှည်စွာ ရပ်တန့်မနေခြင်း သည်။

၇။ ဟဂ်ျရေအတ်စ်ဝဒ်ကို နမ်းရန်အတွက် ယင်းနေရာသို့ ရောက်ရှိရန် အလွန်အမင်း တိုးဝှေ့ခြင်း။

ဟဂ်ျရေအတ်စ်ဝဒ်ကို နမ်းရှုပ်ရန်အတွက် အလွန်မင်း တိုးဝှေ့ခြင်းမှာ စွန္နသ်မဟုတ်ပါ။ အကယ်၍ အလွန်အမင်း တိုးဝှေ့ခြင်းမပြုဘဲ ဟဂ်ျရေအတ်စ်ဝဒ်ရှိရာနေရာသို့ ရောက်နိုင်ပါက ၎င်းအား နမ်းရှုပ်ခြင်းပြုလုပ်နိုင်ပြီး ထိုသို့မဖြစ်နိုင်ပါက ၎င်းရှိရာဘက်သို့ လက်ဖြင့်သာညွှန်ပြရမည်။

၈။ သက္ကဗီရ် (الله أكبر) မဆိုမိဘဲ ဟဂ်ျရေအတ်စ်ဝဒ်ကို ကျော်လွန်သွားပြီးမှ သက္ကဗီရ်ဆိုရန်နှင့် အိရှာရဟ် လက်ဖြင့်ညွှန်ပြရန် (ဟဂ်ျရေအတ်စ်ဝဒ်ရှိသည့် နေရာသို့) ပြန်လှည့်လာခြင်း သို့မဟုတ် ( ဟဂ်ျရေအတ်စ်ဝဒ်ကို) ကျော်လွန်သွားပြီးမှ သက္ကဗီရ်ဆိုခြင်း။

၎င်းလုပ်ရပ်များအားလုံးသည် မှားယွင်းသောလုပ်ရပ်များဖြစ်သည်။ သက္ကဗီရ်ဆိုခြင်းမှာ စွန္နသ်ဖြစ်ပြီး ယခုမူ ထိုစွန္နသ်အား လက်လွှတ်သွားခဲ့ပြီဖြစ်သည်။

သက္ကဗီရ်ဆိုခြင်းကိုမေ့လျော့၍

သော်လည်းကောင်း၊သိလျှက်မပြုလုပ်လျှင်သော်လည်းကောင်း မည်သည့်အပြစ်တစ် စုံတစ်ရာမှ မရှိပေ။

၉။ သွဝါးဖ်အပတ်တိုင်းအတွက် သီးသန့်ဒုအာများ သတ်မှတ်ခြင်း။

ဤအချက်နှင့်ပတ်သက်၍ မည်သည့်အထောက်

အထားမျှမရှိပါ။ စင်စစ် စွန္နသ်တော်မှာ သွဝါးဖ်လှည့်သူသည် ဒွန်ယာ၊ အာခိရသ် နှစ်ဌာနစလုံး၏ ကောင်းကျိုးများအတွက် မိမိလိုလားနှစ်သက်သော ဒုအာများကိုတောင်းဆိုနိုင်သည်။ ထို့ပြင် သတ်စ်ဗီဟ် (سبحان الله - ဖတ်ခြင်း)၊ သဟ်မီဒ် (الحمد لله - ဖတ်ခြင်း)၊ သဟ်လီလ် ( لاإله إلا الله - ဖတ်ခြင်း )၊ သက္ကဗီရ် ( الله أكبر - ဖတ်ခြင်း )၊ ကုရ်အာန်ဖတ်ခြင်း စသည့် တရားတော်မှ ခွင့်ပြုထားသော မည်သည့် နည်းလမ်းဖြင့်မဆို အလ္လာဟ်အရှင်မြတ်အား ဇိကိရ်(သတိယတာသမှု) ပြုနိုင်ပါသည်။

၁၀။ သွဝါးဖ်၏အပတ်အားလုံးမှာ ရမလ်လုပ်ခြင်း ( အားမာန်တင်း၍ခေါင်းမော့ရင်ကော့ကာ ခပ်သွက်သွက်လမ်းလျှောက်ခြင်း)။

ပထမသုံးပတ်တွင်သာ ရမလ်လုပ်ခြင်းသည် စွန္နသ်ဖြစ်သည်။

၁၁။ သွဝါးဖ်ပြုလုပ်ရာတွင် အကြောင်းတစ်စုံတစ်ရာမရှိဘဲ ကအ်ဗဟ်ကို မိမိ၏ ဘယ်ဘက်အခြမ်းတွင်မထားဘဲ သွဝါးဖ်လုပ်ခြင်း။

ကအ်ဗဟ်ကျောင်းတော်အား မိမိ၏ ဘယ်ဘက်အခြမ်းတွင်ထားခြင်းမှာ စွန္နသ်ဖြစ်သည်။ ၎င်းအား အလွယ်တကူဆန့်ကျင်မှုမပြုလုပ်သင့်ပါ။ အကယ်၍ လူအရမ်းတိုးဝှေ့နေမှုစသည့် အကြောင်းတစ်ခုခုကြောင့် ထိုသို့မပြုလုပ်နိုင်ပါက အပြစ်မရှိပါ။

၁၂။ ရုက်နေယမာနီကို နမ်းရှုပ်ခြင်း (သို့မဟုတ်) နမ်းရန်မတတ်နိုင်လျှင် လက်ဖြင့် အိရှာရဟ် (ညွှန်ပြမှု) ပြုလုပ်ခြင်း။

ရုက်နေယမာနီသည်စွန္နသ်တော်နည်းအရ လက်ဖြင့်သာ ထိရန်ဖြစ်ပြီး နမ်းရန်မဟုတ်ပါ။ လက်ဖြင့်မထိနိုင်ပါက အိရှာရဟ်(လက်ဖြင့်ညွှန်ပြမှုပြုရန် )လည်း မလိုပါ။

၁၃။ ကအ်ဗဟ်ကျောင်းတော်၏ ထောင့်အားလုံး (သို့မဟုတ်) နံရံများကို လိုက်တို့ထိခြင်း၊ နမ်းခြင်း၊ ပွတ်သပ်ခြင်း။

ဤသည်မှာ စွန္နသ်နည်းလမ်းနှင့်ဆန့်ကျင်သည်။

စွန့်သည်နည်းလမ်းအမှန်မှာ ဟဂျ်ရေအတ်စ်ဝဒ်ကို နမ်းရှုပ်ခြင်း နှင့် ရုက်နိယမာနီထောင့်ကို လက်ဖြင့်ပွတ်သပ်ခြင်းဖြစ်သည်။

၁၄။ ရုက်နိယမာနီထောင့်နှင့် ဟဂျ်ရေအတ်စ်ဝဒ်ကို ဗရကာသ်ရရှိရန်အတွက်သာ ထိနမ်းခြင်းဖြစ်ပြီး အိဗာဒသ် မဟုတ်ဟု ထင်မြင်ယူဆခြင်း။

ဤသည် မသိခြင်းနှင့်မှာယွင်းမှုတို့သာဖြစ်ပါသည်။ ကောင်းကျိုး၊ ဆိုးကျိုးအားလုံးသည် အလ္လာဟ်အရှင်မြတ်၏ လက်ဝယ်တွင်သာရှိသည်။ အုမရ် (ရဿိယလ္လာဟုအန်ဟု)မှဆင့်ပြန်လာရှိသည်မှာ - ၎င်းက ဟဂျ်ရေအတ်စ်ဝဒ်ရှိရာသို့လာပြီး ယင်းအား နမ်းရှုတ်၍ ဤသို့မိန့်ဆိုခဲ့သည် - * "ကေန်မုချ၊ အသင်သည် ကျောက်တုံးတစ်တုံးသာဖြစ်ကြောင်း ကျွန်ုပ်သိသည်။ အသင်သည် ဘာဆိုးကျိုးမှမပေးနိုင်သလို၊ ဘာကောင်းကျိုးမှလည်း မဖြစ်စေနိုင်ပါ။ အကယ်၍ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) အသင့်အား နမ်းရှုပ်သည်ကို ငါမြင်တွေ့ခဲ့ခြင်းမရှိလျှင်၊ ငါအသင့်အား နမ်းမည်မဟုတ်ပါ။"*

၁၅။ အခြားသွဝါးဖ်လုပ်သူများအား အနှောင့်အယှက်ဖြစ်စေလောက်သည့်အထိ အသံ ကျယ် လောင်စွာ ဒုအာပြုလုပ်ခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ သူတစ်ပါးအား အနှောင့်အယှက်မဖြစ်စေရန် မိမိနှင့် မိမိအရှင်နှစ်ကိုယ်ကြား တိတ်တဆိတ်ဖြင့် ဒုအာတောင်းခြင်းဖြစ်သည်။

၁၆။ သွဝါးဖ်လုပ်နေစဉ် ဓာတ်ပုံရိုက်ခြင်း သို့မဟုတ် အကျိုးမရှိသော စကားများပြောခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ သွဝါးဖ်လုပ်သူသည် မိမိ၏ အရှင်အား သတိရတသလျှက်၊ ရိုကျိုးစွာ၊ အာရုံစူးစိုက်မှုအပြည့်ဖြင့် သွဝါးဖ်ပြုလုပ်သင့်သည်။

၁၇။ ဟဂ်ျရေအတ်စ်ဝဒ်သို့ ရောက်ရှိကြောင်း မသေချာဘဲ သွဝါးဖ်အား အဆုံးသတ်ခြင်း။

သွဝါးဖ်၏ သတ္တမမြောက်အပတ်ကို ဟဂ်ျရေအတ်စ်ဝဒ်နှင့် တစ်တန်းတည်းဖြစ်သည့်နေရာအထိ ရောက်သွားပြီဟု စိတ်ချယုံကြည်ရသည်အထိ (သို့မဟုတ်) ရောက်လောက်ပြီဟု ထင်မြင်သွားသည်အထိ ပြီးပြည့်စုံအောင်လုပ်ရမည်။

၁၈။ သွဝါးဖ်ပြီးနောက်ဝတ်ပြုရသည့် ဆွလားသ်နှစ်ရကအသ်ကို မကာမိအိဗ်ရာဟီးမ်၏ အနောက်တည့်တည့်သို့မဟုတ် ၎င်း၏အနီးတွင်သာ ဝတ်ပြုရမည်ဟု အယူများရှိကြသည်။ ထို့ကြောင့် ဟဂ်ျကာလတွင် လူအုပ်ကြီးဖြစ်ပေါ်ကာ သွဝါးဖ်ပြုလုပ်သူများအား အနှောင့်
အယှက်ဖြစ်စေပြီး ၎င်းတို့၏သွဝါးဖ်ကို အဟန့်အတားဖြစ်စေသည်။

ဤအယူအဆမှာ မှားယွင်းပါသည်။ သွဝါးဖ်ပြီးနောက်ဝတ်ပြုရသည့် ဆွလာသ်နှစ်ရကအသ်အား မတ်စ်ဂျိဒ်ဟရာမ်၏ မည်သည့်နေရာတွင်မဆို ဝတ်ပြုနိုင်ပါသည်။ ဆွလာသ်ဝတ်ပြုသူသည် မကာမ်အိဗရာဟီးမ်ကို မိမိနှင့်ကအ်ဗဟ်ကျောင်းတော်၏ ကြား၌ထားကာ (မကာမိအိဗ်ရာဟီးမ်ရှိရာ နေရာနှင့် ဝေးကွာလျှင်လည်း) မတ်စ်ဂျိဒ်ဟရာမ်၏စွဟန် ( ရင်ပြင်) သို့မဟုတ် မုခ်ဝများတွင်လည်းဝတ်ပြုနိုင်သည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် အနှောင့်အ
ယှက်ကင်းကား၊ စိတ်တည်ငြိမ်အေးချမ်းစွာ ဆွလာသ်ဝတ်ပြုနိုင်မည်ဖြစ်သည်။

၁၉။ သွဝါးဖ်ပြီးနောက်ဝတ်ပြုရသည့် ဆွလာသ်နှစ်ရက အသ်ကို အချိန်အကြာကြီးဝတ်ပြုခြင်းနှင့် ဝတ်ပြုပြီးနောက် ဒုအာပြုလုပ်ခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ သဝါးဖ်ပြီးနောက်ဝတ်ပြုရသည့် ဆွလာသ်နှစ်ရကအသ်ကို တိုတိုတုတ်တုတ်ဝတ်ပြုခြင်းနှင့် ဝတ်ပြုပြီးနောက် မည်သည့်ဒုအာမှမပြုလုပ်ခြင်းဖြစ်သည်။ အကြောင်းမှာ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံမှ ထိုသို့ပြုလုပ်ခဲ့ကြောင်း ဆင့်ပြန်ချက်လာရှိထားခြင်းမရှိသောကြောင့်ဖြစ်သည်။

၂၀။ သွဝါးဖ်ပြီးနောက်ဝတ်ပြုရသည့် ဆွလာသ်နှစ်ရကအသ်ကို အိဿွ်သွိဗာအ် (အိဟ်ရာမ်ခြုံထည်၏ အလယ်ကို ညာဘက်ချိုင်းအောက်အတွင်းထားကာ၊ ခြုံထည်၏ အစနှစ်ဘက်ကို ဘယ်ဘက်ပခုံးပေါ်ထားခြင်း(တနည်း)လက်ယာလက်ကိုအိဟ်ရာမ်ဖြင့်မအုပ်ဘဲဖော်ထားမှု ) ပြုလုပ်ထားသည့် အနေအထားအတိုင်း ဝတ်ပြုခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ သွဝါးဖ်ပြီးသည်နှင့်တစ်ပြိုင်နက် ဟာဂျီသည် အိဟ်ရာမ်ခြုံထည်ကို ပုံမှန်အတိုင်း မိမိ၏ပခုံးနှစ်ဘက်စလုံးအပေါ်သို့ပြန်တင်ထားရမည်။

***

## ၃။ စအီးပြေးရာတွင် လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။

၁။ စအီးပြေးနေစဉ် အိဿသ်သွိဗာအ် (ညာဘက်ပခုံးကို ဖော်ထားမှု) ပြုလုပ်ခြင်း။

အိဿသ်သွိဗာအ်သည် သွဝါးဖ်လုပ်နေစဉ်အတွင်းသာ ပြုလုပ်ရမည် ဖြစ်ကြောင်း အထက်တွင်လည်း တင်ပြခဲ့ပြီးဖြစ်သည်။

၂။ စအီးပြေးခြင်း မစတင်မီ နီယသ်ကို နှုတ်မှအသံထွက်၍ ပြုလုပ်ခြင်း။

နီယသ်ရည်စူးမှုပြုလုပ်ရသည့်နေရာသည် စိတ်နှလုံးသားဖြစ်ပြီး၊ ၎င်းအား နှုတ်မှအသံထွက်၍ ပြုလုပ်ခြင်းမှာ မှားယွင်းသော လုပ်ရပ်ဖြစ်ကြောင်း အထက်တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

၃။ စအီးကို မရ်ဝါမှ စတင်ခြင်း။

ဤသည်မှာ မှားယွင်းသောလုပ်ရပ်ဖြစ်ပြီး၊ မည်သူမဆို ထိုသို့ပြုလုပ်ခဲ့ပါက ၎င်း ရှောင်သွ် ( စအီး အကြိမ်) ကိုထည့်သွင်းရေတွက်ခြင်းမပြုရပေ။

၄။ လူအချို့က (စွဖာနှင့်မရ်ဝါ) အသွား အပြန်ကိုမှစအီ တစ်ကြိမ်ဟု မှတ်ယူပြီး စအီ (၁၄) ကြိမ်ပြုလုပ်ခြင်း။

ဤသည် မှားယွင်းပါသည်။ အဘယ်

ကြောင့်ဆိုသော် စွဖါမှ မရ်ဝါသို့ သွားခြင်းသည် တစ်ကြိမ်ဖြစ်ပြီး၊ မရ်ဝါမှ စွဖါသို့ ပြန်သွားခြင်းသည်လည်း တစ်ကြိမ်ဖြစ်သည်။ စအီပြေးခြင်းကို စွဖါမှ စတင်ရမည်ဖြစ်ပြီး၊ မရ်ဝါတွင် အဆုံး

သတ်ရပါမည်။

၅။ စွဖါတောင်၏ အထက်ပိုင်းသို့ တက်ရောက်ခြင်းကို မဖြစ်မနေပြုလုပ်ရမည်ဟု ထင်နေခြင်း။

ဤသို့ပြုလုပ်ရန်လိုအပ်ကြောင်း အတည်ပြုသတ်မှတ်ထားသော အထောက်

အထားတစ်စုံတစ်ရာမရှိပေ။

၆။ (စအီပြေးရာတွင်) ဆွလာသ်အတွင်း၌ သက္ကဗီရ်ဆိုရာတွင် လက်နှစ်ဘက်ကို မြောက်သကဲ့သို့ မြှောက်ခြင်းနှင့် လက်နှစ်ဘက်ဖြင့် အိရှာရဟ်အချက်ပြခြင်း။

အမှန်မှာ ကိပ်လဟ်ဘက်သို့ မျက်နှာမူပြီး၊ စွန္နသ်တော် တွင်လာရှိသော ဒုအာကိုတောင်းခြင်းဖြင့် လုံလောက်စေရမည်။

၇။ အမျိုးသမီးများသည် မီးစိမ်းနှစ်ခုကြားတွင် ယောက်ျားများကဲ့သို့ စအီကို ခပ်သွက်

သွက်ပြေးခြင်း။

ပညာရှင်အားလုံး၏ အိဂ်ျမာအ်အတည်ပြုဆုံးဖြတ်ချက်အရ အမျိုးသမီးများအတွက် လမ်း

လျှောက်ခြင်းဖြင့် လုံလောက်သွားပေသည်။ ဤသည် သူမ၏အရှက်ကို မပေါ်လွင်စေရန် ထိန်းသိမ်းသည့်အနေဖြင့် သတ်မှတ်ထားခြင်းဖြစ်သည်။

၈။ စအီပြေးသည့် အပတ်စဉ်တိုင်းတွင် သီးသန့်ဒုအာများ ပြုလုပ်သတ်မှတ်ထားခြင်း။

ဤသို့ပြုလုပ်ခြင်းနှင့် ပတ်သတ်၍ မည်သည့် အထောက်အထားမျှ မရှိပါ။ ထို့ကြောင့် သီးသန့်မသတ်မှတ်ဘဲ မိမိကြိုက်နှစ်သက်ရာ ဒုအာများကို ရွတ်ဖတ်နိုင်သည်။

၉။ စအီပြေးသည့် နေရာ၌ လူအများအား အနှောင့်

အယှက်ဖြစ်စေလောက်အောင် ကျယ်လောင်စွာ ဒုအာများ ရွတ်ဖတ်ခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ သူတစ်ပါးအား အနှောင့်

အယှက်မဖြစ်စေရန် မိမိနှင့် မိမိအရှင်၏ နှစ်ကိုယ်ကြားတိတ်တဆိတ်ဖြင့် ဒုအာရွတ်ဖတ်ခြင်းဖြစ်သည်။

၁၀။ စွဖါနှင့် မရ်ဝါကြား စအီပြေးရာ တွင် ရှောင်သွ် (ပြေးသည့်အပတ်စဉ်) တစ်ခုလုံး၌ အလျင်အမြန်ပြေးခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ အစိမ်းရောင် အမှတ်အသားနှစ်ခုကြားတွင်သာ အလျင်အမြန်ပြေးခြင်းဖြစ်သည်။

၁၁။ စအီပြီးဆုံးပါက ဆွလာသ်နှစ်ရကအသ်ဝတ်ပြုခြင်း။

ဤသို့ပြုလုပ်ခြင်းနှင့်ပတ်သတ်၍ မည်သည့် အထောက်အထားမျှမရှိပေ။ ထို့ကြောင့်ယင်းသို့ပြု လုပ်ခြင်းမပိုင်ပေ။

၁၂။ ဟဂ်ျ၊အွမ်ရာ၏ စအီမဟုတ်ဘဲ ရိုးရိုး နဖိလ်အိဗာဒသ်အနေဖြင့်စအီပြေးခြင်း။

နဖိလ်အနေဖြင့် စအီပြေးခွင့် မရှိပါ။

***

## ၄။ ခေါင်းရိတ်ခြင်း သို့မဟုတ် ဆံပင်ညှပ်ရာတွင် လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။

၁။ခေါင်းတစ်ခုလုံးကို ရိတ်ခြင်း သို့မဟုတ် ညှပ်ခြင်းတွင် ပေါ့ပေါ့ဆဆလုပ်ခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ ခေါင်းတစ်ခုလုံးကို ရိတ်ခြင်း သို့မဟုတ် ညှပ်ခြင်းဖြစ်သည်။

၂။ ဟရာမ်ဗလီဝတ်ကျောင်းတော်အတွင်း ခေါင်းရိတ်ခြင်း သို့မဟုတ် ဆံပင်ညှပ်ခြင်းနှင့် ဆံပင်များကို ဗလီအတွင်း၌ ပစ်ချခြင်း။

ဟရာမ်ဗလီဝတ်ကျောင်းတော်ကို ဂုဏ်ပေးလေးစားခြင်းနှင့် ၎င်း၏ သန့်ရှင်းရေးကို အလေးထားဂရုစိုက်ခြင်းမှာ ဝါဂျိဗ်တာဝန်ဖြစ်သည်။

၃။ ခေါင်းရိတ်ခြင်း သို့မဟုတ် ဆံပင်ညှပ်ခြင်းကို မေ့လျော့သွားလောက်သည့်အထိ သို့မဟုတ် အခြားအလုပ်များတွင် လုံးပန်းသွားစေသည်အထိ အချိန်အလွန်ကြာမြင့်စွာ နောက်ဆိုင်းထားခြင်း။

သွဝါးဖ်နှင့် စအီပြီးဆုံးပါက ချက်ချင်းပင် ခေါင်းရိတ်ခြ င်း သို့မဟုတ် ဆံပင်ညှပ်ခြင်းသည် မွတ်စ်သဟဗ် ဖြစ်သည် ။

၄။ ခေါင်းရိတ်ခြင်း သို့မဟုတ် ဆံပင်ညှပ်ခြင်းမပြုမီ အဲ ဟ်ရာမ်ပြုထားစဉ် ရှောင်ကျဉ်ရန် တားမြစ်ထားသည့် အချ က်များကို ကျူးလွန်ခြင်း။

ခေါင်းရိတ်ခြင်း သို့မဟုတ် ဆံပင်ညှပ်ခြင်းမပြုမီ အဲဟ် ရာမ်လုပ်ထားစဉ် ရှောင်ကျဉ်ရမည့် မည်သည့်အရာကိုမျှ မ ပြုလုပ်ရန်အရေးကြီးသည်။

***

## ဟဂ်ျနှင့်ပတ်သတ်သော တရားတော်နှင့်ဆန့်ကျင့်သည့်လုပ်ရပ်များနှင့် အမှားများ။

### ၁။ ယောင်မွတ်သရ်ဝိယဟ် ( ဇုလ်ဟဂ်ျလ ၈ ရက် )နေ့၌ လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။

၁။ အချို့လူများ သည် ယောင်မုသ်သရ်ဝိရဟ် (ဇုလ်ဟ ဂ်ျလ ၈ ရက်နေ့) တွင် မတ်စ်ဂျိဒ်ဟရာမ် သို့မဟုတ် မီဇားဗ်

ရဟ်မသ် (ရေတံလျှောက်) အောက်မှ အဲဟ်ရာမ်ဝတ်ခြင်းကို မွတ်စ်သဟာဗ်ဟု မှတ်ယူခြင်း။

စွန္နသ်နည်းလမ်း အမှန်မှာ မိမိရှိနေသည့်နေရာ

(မက္ကဟ် သို့မဟုတ် မိနာ)မှ အဲဟ်ရာမ်ဝတ်ခြင်းဖြစ်သည်။

၂။ ဇုဟိုရ်ဆွလာသ်ဝတ်ပြုပြီးသည့်အချိန်ထိ အဲဟ်ရာမ်ဝတ်ခြင်းကို နောက်ဆိုင်းခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ ဇုဟိုရ်မတိုင်မီ မနက်ပိုင်းအချိန်တွင် အဲဟ်ရာမ်ဝတ်ခြင်းဖြစ်သည်။

၃။ တတ်နိုင်ပါလျက်နှင့် မိနာ၌ ညမအိပ်ခြင်း။

ဟာဂျီတစ်ဦးအဖို့ တတ်နိုင်သမျှ မိနာ၌ ညအိပ်ခြင်းသည် စွန္နသ်ဖြစ်သည်။ အကြောင်းမှာ တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်

ထိုသို့ပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်သည်။

၄။ မိနာ၌ ဆွလာသ်များကို ပေါင်းဖတ်ခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ၏လမ်းစဉ်ကို နောက်လိုက်သောအားဖြင့် မိနာ၌ ဆွလာသ်များကို ကစွရ်( လေးရကအသ်ရှိသော

ဆွလားသ်များကို နှစ်ရကအသ် ဖတ်ခြင်း )သာလျှင်ပြုလုပ်ရပြီး ဂျမအ် ( ဆွလာသ်နှစ်ကြိမ်ကို အချိန်တစ်ခုတည်း၌ ပေါင်းဖတ်ခြင်း )မပြုရပေ။

***

## ၂။ အရဖဟ်နေ့၌ လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။

၁။ သတိထားဆင်ခြင်သည့်အနေဖြင့် ဇုလ်ဟဂ်ျလ ၈ ရက်နေ့၏ အချိန်အချို့ကို အရဖားသ်တွင် ဆိုင်းငံ့မှုပြုခြင်း။

ဤသည် မလိုအပ်ဘဲ အလွန်အကျွံပြုလုပ်ခြင်းနှင့် တားမြစ်ထားသောအပြုအမူသာလျှင်ဖြစ်သည်။

၂။ ဇုလ်ဟဂ်ျဂ်ျလ ၈ ရက်နေ့ သို့မဟုတ် ၉ ရက်နေ့ညတွင် အရဖဟ်သို့ ထွက်ခွာခြင်းနှင့် ထိုနေရာ၌ ညအိပ်ခြင်း။

ဤလုပ်ရပ်သည် စွန္နသ်တော်နှင့် ဆန့် ကျင်၍ မီနာတွင် ညအိပ်ခြင်း၏ စွန္နသ်ကိုလည်း လစ်ဟင်းစေသည်။

၃။ အရဖဟ်ကွင်း ပြင်၏ နယ် နိမိတ်အပြင်တွင် ဝူကူးဖ် (ဆိုင်းငံ့မှု) ပြုလုပ်ခြင်း။

ဟဂ်ျပြုလုပ်သူအပေါ်၌ အရဖဟ်ကွင်းပြင်၏ နယ်နိမိတ်အတွင်း ဝူကူးဖ် ပြုလုပ်နိုင်ဖို့ ကြိုးစားရန် အရေး ကြီးသည်။

၄။ နမိရဟ် ဗလီ၌ အိမာမ်နှင့် အတူဆွလာသ်ဝတ်ပြုရန် အ ရေးကြီးသည်ဟု ထင်မြင်ယူဆခြင်းနှင့် ထိုဗလီ၌ နေရာရဖို့အတွက် (လူအများအား) အလွန်အမင်းတိုးဝှေ့၍သွားခြင်း။

ဤသည် မလိုအပ်သောအရာဖြစ်ပြီး၊ ထိုအတွက် (လူအများအား) အတင်းတိုးဝှေ့ခြင်းမှာမပြုအပ်သောလုပ်ရပ်ဖြစ်သည်။

၅။ ဒုအာတောင်းသည့်အခါတွင် အိလာလ် တောင်ဘက်သို့ မျက်နှာမူခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ ဒုအာတောင်းသည့်အခါတွင် ကိဗ်လဟ်ဘက်သို့ မျက်နှာမူခြင်းဖြစ်သည်။

၆။ အိလာလ် တောင်သို့တက်ရောက်ရန် မဖြစ်မနေလိုအပ်သည်ဟု ယုံကြည်ခြင်း၊ သို့မဟုတ် ထိုတောင်ပေါ်သို့တက်ခြင်းသည် ဟဂ်ျ၏ အမလ်ကျင့် ဆောင်မှုများအနက်မှဖြစ် သည်ဟုယုံကြည်ပြီး အခြားအရဖားသ် နေရာများထ

က်ပို၍ ထိုနေရာတွင် ထူးခြားချက်နှင့် အကျိုးကျေးဇူးတစ်ခုခုရှိသည်ဟု ယုံကြည်ခြင်း။

ထိုအချက်နှင့်ပတ်သက်၍ မည်သည့် အထောက် အထားမျှ မရှိသည့်အပြင် တမန်တော်မြတ် (صلى الله عليه وسلم) ၏ စွန္နသ်လမ်းစဉ်နှင့်လည်း ဆန့်ကျင်ပါသည်။

၇။ ဂျဗလ်အိလာလ် ( အိလာလ် တောင်)ကို "ဂျဗလ်ရဟ်မသ်" (ရဟ်မသ်တောင်) (သို့) " ဂျဗလ္ဒတ်ဒုအာ " ( ဆုတောင်းခြင်းတောင်)ဟု အမည်ပြောင်းခေါ် ခြင်း။

စင်စစ် ၎င်း၏ အမည်သည် "အိလာလ်" သာ ဖြစ်ပြီး၊ "ဂျဗလ်ရဟ်မသ်" သို့မဟုတ် " ဂျဗလ်ဒုအာ" ဟူ၍ အမည်ပေးခေါ်ဆိုခြင်းအတွက် မည်သည့် အထောက်အထားအချက်အလက်မျှမရှိပေ။

၈။ အရဖဟ်တောင်ပေါ် ရှိ ကွဗ္ဗဟ် ( စက်ဝိုင်း

သဏ္ဍာန်အခုံး)အတွင်းသို့ ဝင်ရောက်ခြင်း၊ ၎င်းအား ကွတ်ဗသုအာဒမ် (အာဒမ် အလိုင်ဟိစ္စလာမ်၏ ကွတ်ဗာ အခုံး) ဟု ခေါ်ဆိုခြင်း၊ ထိုနေရာတွင် ဆွလာသ်ဝတ်ပြုခြင်းနှင့် ကအ်ဗဟ်ကျောင်းတော်ကို သွဝါးဖ်လှည့်သကဲ့သို့ ထိုနေရာကို သွဝါးဖ်လှည့်ခြင်း။

ဤအပြုအမူအားလုံးသည် တားမြစ်ထားသော ဗိဒ်အသ် တရားသစ်တီထွင်မှုများသာဖြစ်ပြီး၊ ရံဖန်ရံခါ ထိုအပြုအမူများသည် ရှိရ်က် (အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်မှု) အဆင့်သို့ပင် ရောက်ရှိသွားနိုင်ပါသည်။

၉။ အရဖားသ်ရှိ "ရဟ်မသ်တောင်" ပေါ်တွင် စိုက်ထူထားသော ကျောက်တိုင်ကို ဗရကတ်ယူ ရန်ထိတွေ့ပွတ်သပ်ခြင်းနှင့် ၎င်းပေါ်တွင် နာမည်များ ရေးသားခြင်း။

ဤအပြုအမူအားလုံးသည် တားမြစ်ထားသော ဗိဒ်အသ် တရားသစ်တီထွင်မှုများသာဖြစ်ပြီး၊ ရံဖန်ရံခါ ထိုအပြုအမူများသည် ရှိရ်က် (အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်မှု) အဆင့်သို့ပင် ရောက်ရှိသွားနိုင်ပါသည်

၁၀။ ဂျဗလ်အရဖဟ် (သို့) ဂျဗလ်နူးရ် (တောင်)ရှိ အက်ကြောင်းများတွင် ပိုက်ဆံများ ထည့်ခြင်း၊ ဆံပင်၊ လက်သည်းခြေ

သည်း (သို့) အဝတ် အစားစသည့် အရာများကို ထားရှိပြီး၊( ထိုသို့ပြုလုပ်ခြင်းအားဖြင့်) ထိုအရာဝတ္ထုပစ္စည်းများ၏ ပိုင်ရှင်များသည် ဤနေရာများသို့ ပြန်လာရမည်ဟု အယူထားခြင်း။

ဤအပြုအမူအား လုံးသည် တားမြစ်ထားသော ဗိဒ်အသ် တရားသစ်တီထွင်မှုများသာဖြစ်ပြီး၊ ရံဖန်ရံခါ ထိုအပြုအမူများသည် ရှိရ်က် (အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်မှု) အဆင့်သို့ပင် ရောက်ရှိသွားနိုင်ပါသည်

၁၁။ အချို့လူများက တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ဝူကူးဖ် ( ဆိုင်းငံ့) ခဲ့သည့်နေရာတွင် မဖြစ်မနေ ဝူကူးဖ်လုပ်ရမည်ဟု ထင်မြင်ယူဆခြင်း (သို့) ၎င်းနှင့်ပတ်သက်၍ အတိုင်းထက် အလွန်ပြုလုပ်ခြင်း။

မှန်ကန်သောအချက်မှာ ထိုသို့ပြုလုပ်ရန် ဝါဂျိဗ်မဟုတ်ပေ။ တရားတော်မှာလည်း ထိုသို့အတိုင်း

ထက်အလွန် အားထုတ်ရန် မပြဋ္ဌာန်းထားပေ။

၁၂။ အချိန်ဖြုန်းခြင်း၊ ဒုအာနှင့် ဇိကရ်များကို လျစ် လျူရှုပြီး အကျိုးမရှိသော အရာများဖြင့် အချိန်ကုန်ခြင်း။

၁၃။ နေဝင်ခါနီးအချိန် (သို့) နေ့၏ နောက်ဆုံးအချိန်အထိ ဒုအာပြုလုပ်ခြင်းကို နှောင့်နှေးစွာ စတင်ခြင်း။

၂၄။ ဒုအာပြုလုပ်ရန် မတ်တတ်ရပ်ခြင်းကို အလွန်အမင်း အားထုတ်ခြင်း၊ ၎င်းအား စွန္နသ်ဖြစ်သည်ဟု ထင်မြင်ယူဆခြင်း သို့မဟုတ် "အရဖဟ်တွင် ဝူကူးဖ်လုပ်ခြင်း" ၏အ

လိုသဘောမှာ - ဒုအာပြုလုပ်ရန်အတွက် မတ်တတ်ရပ်ခြင်းဟု ယူဆခြင်း။

မှန်ကန်သော အယူအဆမှာ "အရဖဟ်တွင် ဝူကူးဖ်ပြုလုပ်ခြင်း" ဟူသည် ထိုအချိန်၌ ၎င်းနေရာ( အရဖဟ်ကွင်းပြင် )တွင် ရှိနေခြင်းသာဖြစ်ပြီး၊ မတ်တတ်ရပ်နေသည်ဖြစ်စေ၊ ထိုင်နေသည်ဖြစ်စေ၊ အစီးအနင်း စီးနေသည်ဖြစ်စေ၊ လမ်းလျှောက်နေသည်ဖြစ်စေ အကျုံးဝင်သည်။

၁၅။ နေမဝင်မီ အရဖဟ်မှ ထွက်ခွာခြင်း။

ဤသို့ပြုလုပ်ခြင်းသည် ဟရာမ်ဖြစ် သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ စွန္နသ်နှင့် ဆန့်ကျင်သောကြောင့်ဖြစ်သည်။

၁၆။ အကြောင်းပြချက်မရှိဘဲ နေဝင်ပြီးနောက် (အရဖဟ်မှ)နှောင့်နှေးစွာ ထွက်ခွာခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ နေဝင်ပြီးသည်နှင့်တစ် ပြိုင်နက် အချိန်မဆိုင်းဘဲအရဖဟ်မှ ချက်ချင်းထွက်ခွာရန်ဖြစ်သည်။ သို့သော် အကြောင်းပြချက်ရှိပါက နှောင့်နှေးခွင့် ရှိသည်။

၁၇။ အချို့လူများက အရဖဟ်တွင် ဝူကူးဖ်လုပ်သည့် နေ့သည် ဂျူမုအဟ် (သောကြာနေ့)နှင့် တိုက်ဆိုက်ပါက ဟဂျ်အကြိမ် ၇၀ နှင့် ညီမျှသည်ဟု ထင်မြင်ယူဆခြင်း။

၎င်းနှင့်ပတ်သက်၍ မည်သည့် အထောက် အထားတစ်စုံတစ်ရာမျှ မရှိပါ။

***

## ၃။ မုဇ်ဒလိဖဟ်သို့ သွားခြင်းနှင့် ထိုနေရာ၌ ညအိပ်ရာတွင် လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။

၁။ အရဖဟ်မှ ထွက်ခွာချိန်တွင် အလျင်

စလိုပြုခြင်းနှင့် ကားများဖြင့် အနှောင့်အယှက် ဖြစ်စေခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ မည်သူ့ကိုမှ အနှောင့်အယှက်မဖြစ်စေဘဲ၊အေးဆေးတည်ငြိမ်စွာထွက် ခွာခြင်းဖြစ်သည်။

၂။ အချို့လူများသည် မုဇ်ဒလိဖဟ်တွင် ညအိပ်ရန် ရေချိုးခြင်းကို မွတ်စ်သဟာဗ်ဖြစ်သည်ဟု ထင်မြင်ယူဆခြင်း။

ထိုသို့ပြုလုပ်ခြင်းမှာ မွတ်စ်သဟာဗ်ဖြစ်ကြောင်း မည်သည့် အထောက်အထားမျှမရှိပါ။

၃။ အချို့လူများ၏ မုဇ်ဒလိဖဟ်သို့ ခြေကျင်ဝင်ရောက်ရန် စီးနင်းလိုက်ပါလာသည့်ယာဉ်မှ ဆင်းသက်ခြင်းကို မွတ်စ်သဟာဗ်ဖြစ်သည်ဟု ထင်မြင်ယူဆခြင်း။

ထိုသို့ပြုလုပ်ခြင်းမှာ မွတ်စ်သဟာဗ်ဖြစ်ကြောင်း မည်သည့် အထောက်အထားမျှမရှိပါ။

၄။ မုဇ်လိဖဟ်၏ နယ်နိမိတ်အတွင်းမှ ဟုတ်မဟုတ် မသေချာဘဲ နေရာတစ်ခုတွင် စခန်းချနားခိုခြင်း။

၅။ မုဇ်ဒလိဖဟ်သို့ ရောက်ရှိပြီးချိန်တွင် ဆွလာသ်ကို ချက်ချင်းမဝတ်ပြုခြင်း။

မုဇ်ဒလိဖဟ်သို့ ရောက်ရှိပြီးသည်နှင့် တပြိုင်နက်ချက်ချင်း ဆွလာသ်ဝတ်ပြုခြင်းသည် စွန္နသ်ဖြစ်သည်။

၆။ မုဇ်ဒလိဖဟ်သို့ ရောက်ရောက်ခြင်းမှာပင် ကျောက်စရစ်ခဲများစုဆောင်းခြင်းနှင့် ၎င်းကို အား ကြိုးမာန်တက်ပြုလုပ်ခြင်း၊ ထိုသို့ပြုလုပ်ခြင်းကို မြတ်သည်ဟု ထင်မှတ်ခြင်း။

၎င်းနှင့်ပတ်သက်၍ မည်သည့်အထောက်အထားမျှ မရှိပါ။

၇။ မဂ်ရိဗ်နှင့် အီရှာဆွလာသ်များကို အချိန်ကုန်ဆုံးသည်အထိ (ညသန်းခေါင်အထိ) ရွှေ့ဆိုင်းခြင်း။

မဂ်ရိဗ်နှင့် အိရှာဆွလာသ်များကို ညသန်းခေါင်မတိုင်မီဝတ်ပြုခြင်းသည် ဝါဂျိဗ်ဖြစ်သည်။ မုဇ်ဒလိဖဟ်သို့အချိန်ကုန်လုနီးထိ မရောက်သေးလျှင် (လမ်းတွင်)လည်း ဝတ်ပြုနိုင်သည်။

၈။ မုဇ်ဒလိဖဟ်၌ နေရသည့် ညကို ဆွလာသ်ဝတ်ပြုခြင်း၊ အိဗာဒသ်ပြုလုပ်ခြင်း သို့မဟုတ် အကျိုးမရှိသည့်လုပ်ရပ်များ ( ဆော့ကစားခြင်း) ဖြင့် ညကိုနိုးကြားစွာဖြတ်သန်းခြင်း။

တမန်တော်မြတ် ( صلی الله علیه وسلم )၏ နောက်လိုက်မှုပြုသည့် အနေဖြင့် မုဇ်ဒလိဖဟ် ရောက်သည်နှင့်ဆွလာသ်ဝတ်ပြုပြီး စောလျင်စွာ အိပ်စက်အနားယူခြင်းသည် စွန္နသ်ဖြစ်သည်။ သို့မှသာ အီးဒ်နေ့၌ ပြုလုပ်ရမည့် ဟဂ်ျကျင့်စဉ်များကို အလွယ်တကူ ဆောင်ရွက်နိုင်ရန် အားအင်ပြည့်ဝနေမည်ဖြစ်သည်။

၉။ အားအင်ချိနဲ့သူများနှင့် ၎င်းတို့၏ အဖော်များသည် ညသန်းခေါင်မတိုင်မီ ( မုဇ်ဒလိဖဟ်မှ) ထွက်ခွာခြင်း။

၎င်းတို့အဖို့ ညသန်းခေါင်ကျော်ပြီးမှ ထွက်ခွာရန် ဝါဂျိဗ် ဖြစ်သည်။

၁၀။ အကြင်သူသည် အားအင်ချိနဲ့သူများအနက်မှလည်း မဟုတ်၊ ၎င်းနှင့် အတူ အားအင်ချိနဲ့သူများလည်း မပါရှိဘဲနဲ့ ဖဂျရ်မတိုင်မီ ( မုဇ်ဒလိဖဟ်မှ) ထွက်ခွာခြင်း။

မုဇ်ဒလိဖဟ်တွင် ဖဂျရ်အချိန်အထိ နေထိုင်ခြင်းမှာ ဝါဂျိဗ် ဖြစ်သည်။[1]

၁၁။ နေထွက်သွားသည်အထိ မုဇ်ဒလိဖဟ်မှ နောက်ကျပြီး ထွက်ခွာခြင်း။

နေမထွက်မီ မုဇ်ဒလိဖဟ်မှ ထွက်ခွာခြင်းသည် စွန္နသ်ဖြစ် သည်။

***

## ၄။ ယောင်မွန်နဟရ် ( ဇုလ်ဟဂ်ျလ ၁၀ ရက် ) နေ့၏ အမလ်ကျင့် ဆောင်မှုများနှင့် ပတ်သက်၍ လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။

၁။ အချို့လူများသည် ဂျမ်ရားသ် ခဲ

[1] ခိုင်လုံသောအကြောင်းပြချက်ရှိပါက၊အခက်အခဲရှိပါက ညသန်းခေါင်ကျော်သည်နှင့် ထွက်ခွင့်ရှိပါသည်။

ပေါက်ခြင်း အတွက် ရေချိုးခြင်းကို မွတ်စ်သဟာဗ်ဖြစ်သည်ဟု ထင်မှတ်ခြင်း။

ထိုသို့ပြုလုပ်ခြင်းမှာ မွတ်စ်သဟာဗ်ဖြစ်ကြောင်း မည်သည့် အထောက်အထားမျှမရှိပါ။

ဂျမ်ရားသ်ခဲပေါက်ရန် ကောက်ထားသည့် ကျောက်စရစ်ခဲများကို ဆေးကြောခြင်း။

ထိုသို့ပြုလုပ်ခြင်းမှာ မွတ်စ်သဟာဗ်ဖြစ်ကြောင်း မည်သည့် အထောက်အထားမျှမရှိပါ။

၃။ မုဇ်ဒလိဖဟ်မှ ကောက်ထား သောကျောက်စရစ်ခဲများဖြင့်သာ ရမီ ( ခဲပေါက်ခြင်း ) ပြုလုပ်ခွင့်ရှိသည်ဟု ယုံကြည်ခြင်း။

ဤယူဆချက်နှင့်ပတ်သက်၍ မည်သည့် အထောက်

အထားမျှမရှိပါ။ ၎င်းအဖို့ မည်သည့်နေရာမှမဆို ကျောက်ခဲများကိုကောက်ယူနိုင်ပါသည်။

၄။ ကျောက်စရစ်ခဲများအစား အခြားအရာများဖြင့် ပေါက်ခြင်း သို့မဟုတ် အလွန်ကြီးမားသော ကျောက်ခဲများဖြင့် ပေါက်ခြင်း။

ဤသည် တမန်တော်မြတ် (صلى الله عليه وسلم) ၏ စွန္နသ် လမ်းစဉ်နှင့် ဆန့် ကျင်ပါသည်။

၅။ ခဲပေါက်စဉ် အမျက်ဒေါသထွက်နေခြင်းနှင့် ခဲပေါက်နေသည့် နေရာသည် ရှိုင်တွာန်ဖြစ်သည်ဟု ထင်မြင်ယူဆခြင်း။

၆။ ခဲပေါက်ရန်တွက် အဖွဲ့များဖွဲ့၍ အတူ တကွသွားကာ အ ခြားသူများအား ဒုက္ခပေးခြင်း။[1]

၇။ ခဲပေါက်နေစဉ် သတ်မှတ်ထားသည်ထက် ပိုမို၍ ဇိကိရ်ပြုလုပ်ခြင်း။

الله أكبر " အလ္လာဟု အက်ဗရ် " ဟု သက္ကဗီရ်သာ ဆိုခြင်းသည်အကောင်းဆုံးဖြစ်သည်။

၈။ ခဲခုနစ်လုံးကို တစ်ပြိုင်နက်တည်း ပစ်ခြင်း။

ဤသို့ အခြေအနေတွင် ခဲတစ်လုံးစာသာပေါက်ခဲ့သည့် စားရင်ဝင်သွားမည်ဖြစ်သည်။ ခဲတစ်လုံးစီကို သီးသန့်စီ ပေါက်ရန် ဝါဂျိဗ်ဖြစ်သည်။

[1] လမ်းမသိ၍ဖြစ်စေ၊လူကွဲသွားမှာကိုစိုးရိမ်၍ဖြစ်စေ တပါးသူတို့ဒုက္ခမရောက်စေဘဲ၊ အဖွဲ့လိုက်တိုးဝှေ့မှုမပြုပါက အဖွဲ့နှင့်သွားခွင့်ရှိပါသည်။

၉။ ခဲများကို မပေါက်ဘဲ ဂျမ်ရားသ်တိုင်များစိုက်ထားသည့် ကန်အတွင်းသို့သာ ထည့်လိုက်ခြင်း။

ထိုသို့ပြုလုပ်ခြင်းအားဖြင့် ခဲပေါက်ခြင်း အထမမြောက်ပေ။ အနည်းဆုံး "ရမီ" (ခဲပေါက်ခြင်း ) ဟုခေါ်ဆိုနိုင်သည်အထိ ပေါက်ရန် လိုအပ်ပါသည်။

၁၀။ ခဲပေါက်ရာတွင် မြင့်မားသော နံရံ(ဂျမရားသ်တိုင်များ) ကိုသာ ပစ်မှတ်ထားပြီးမထိထိအောင်ပစ်ခြင်း၊ အဓိကရည်ရွယ်ချက်မှာ ထိုတိုင်များဖြစ်သည်ဟု ယူဆခြင်း။

မှန်ကန်သည့်အချက်မှာ ပစ်လိုက်သောကျောက်ခဲများသည် ( ဂျမရားသ်တိုင်များစိုက်ထားသည့် ) တွင်းထဲသို့ကျရောက်ရန်သာ အဓိကဖြစ်ပြီး၊ တိုင်များကို မထိမိပါက ပြဿနာမရှိပါ။

၁၁။ ဝေးလံသောနေရာမှ ခဲပေါက်ကာကျောက်ခဲများ ဂျမရားသ်ခဲပေါက်သည့်တွင်းထဲသို့ ကျရောက်ခဲ့ခြင်းရှိ၊ မရှိ အတိအကျ မသိခြင်း။

၅။ ဂျမ်ရသုလ်အတ်က်ဗာ (ဂျမ်ရားသ်အကြီး)ကို ခဲပေါက်ပြီးနောက် ဒုအာ တောင်းရန် ရပ်ခြင်း။[1]

ဤသို့ ပြုလုပ်ရန် တရားတော်၌ မလာရှိထားပေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြုလုပ်ခြင်းမှာ မွတ်စ်သဟာဗ်ဖြစ်ကြောင်း မည်သည့် အထောက်

အထားမျှမရှိပါ။

၁၃။ သမသ်သုအ်ဝ် (သို့) ကီရာန် ဟဂ်ျ၏ ကုရ်ဘာနီ သားကောင်ကို ယောင်မ္ဝန်နဟာရ် (ကုရ်ဘာနီနေ့) မတိုင်မီ ဇဗဟ်လုပ်ခြင်း။

မည်သူမဆို ထိုသို့ပြုလုပ်ပါက ၎င်း၏ ကုရ်ဘာနီ အထမြောက်ပါ။ ၎င်းအပေါ်၌ တရားတော်အရ သတ်မှတ်ထားသောအချိန်အတွင်း ကုရ်ဘာနီပြန်လည်ပြုလုပ်ရန် ဝါဂျိဗ်ဖြစ်သည်။ ထိုသတ်မှတ်ထားသောအချိန်မှာ အီးဒ်နေ့မှ သရှ်ရီးက် ရက်များ အဆုံးထိ ဖြစ်သည်။

[1] အိုင်ယာမိသရှ်ရီးက်ရက်များတွင်
ဂျမ်ရဟ်အသေးနှင့် အလတ်ကို ခဲပေါက်ပြီးနောက် ဒုအာတောင်းခြင်းသာ စွန္နသ်ဖြစ်သည်။

၁၄။ ကုရ်ဘာနီအစား ၎င်း၏တန်ဖိုးကို ဆွဒကာဟ်အဖြစ် လှူဒါန်းခြင်း။

မည်သူမဆို ထိုသို့ပြုလုပ်ပါက ၎င်း၏ ကုရ်ဘာနီ အထမြောက်ပါ။ ၎င်းအပေါ်၌ ကုရ်ဘာနီပြုလုပ်ရန် ဝါဂျိဗ်ဖြစ်သည်။

၁၅။ ဦးခေါင်း၏ တချို့တဝက်ကိုသာ ရိတ်ခြင်း (သို့) ညှပ်ခြင်း။

ခေါင်းတစ်ခုလုံးကို ရိတ်ခြင်း (သို့) ညှပ်ခြင်းသည်

စွန္နသ်ဖြစ်သည်။

၁၆။ သွဝါဖုလ်ကူဒူးမ်ပြုလုပ်လိုက်လျှင် သွဝါဖုလ် အိဖာဿွဟ် လုပ်စရာမလိုတော့ဘဲ လုံလောက်သည်ဟု (ထင်မှတ်ခြင်း) သို့မဟုတ် သွဝါဖုလ်အိဖာဿွဟ်ကို အရဖဟ်၌ ဝူကူးဖ်ဆိုင်းငံ့ခြင်းနှင့် မုဇ်ဒလိဖဟ်၌ (ညအိပ်ခြင်း) မတိုင်မီ ပြုလုပ်ခြင်း။

မည်သူမဆို ထိုသို့ပြုလုပ်ပါက ၎င်း၏ ဟဂ်ျ အထမြောက်မည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် သွဝါဖုလ် အိဖာဿွဟ်သည် ဟဂ်ျ၏ မဖြစ်မနေဆောင်ရွက်ရမည့် မဏ္ဍိုင်များထဲကတစ်ခုဖြစ်ပြီး၊ ၎င်းအား ပြုလုပ်မှသာလျှင် ဟ

ဂျမ်မှန်ကန်မည်ဖြစ် သည်။ ထို့ပြင် သွဝါဖုလ်အိဖာဿွဟ်ကို အရဖဟ်၌ ဝူကူးဖ်ဆိုင်းငံ့ခြင်း၊ မုဇ်ဒလိဖဟ်၌ ညအိပ်ခြင်းတို့ကို ပြုလုပ်ပြီးမှ ဆောင်ရွက်ခွင့်ရှိသည်။

***

## ၅။ သရှ်ရီးက် နေ့များ၏ အမလ်ကျင့်ဆောင်မှုများနှင့် ပတ်သက်၍ လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။

၁။ ခဲပေါက်ရာတွင် အလွယ်တကူကိုယ်စားပြုလုပ်ခြင်းနှင့် တခြားသူကိုကိုယ်စားပြုလုပ်ပေးရန်ပေါ့ပေါ့တန်တန်တာဝန်လွှဲခြင်း။

မူလအမိန့်မှာ ဟာဂျီသည် မိမိကိုယ်တိုင် ခဲပေါက်ရမည်။ သို့သော် တရားတော်ကအသိအမှတ်ပြုထားသောအကြောင်းပြချက် တစ်စုံတစ်ရာရှိပါက မိမိကိုယ်စား ခဲပေါက်ပေးမည့် အခြားသူတစ်ဦးကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်နိုင်သည်။

၂။ ဟဂ်ျ၏ ရက်များနှင့် အမလ်ကျင့်စဉ်များ မပြီးဆုံးမီ အခြားသူအား မိမိကိုယ်စား ခဲပေါက်ရန် တာဝန်လွှဲအပ်ပြီး ခရီးထွက်သွားခြင်း။

ဤသည် မှားယွင်းသောလုပ်ရပ် ဖြစ်သည်။ ၎င်းအပေါ်၌ ဟဂ်ျလုပ်ငန်းစဉ်များ ပြီးဆုံးသည်အထိ မိနာတွင် (သို့) မိမိ၏နေရာတွင် ဆက်လက်နေထိုင်ရန် ဝါဂျိဗ်ဖြစ်ပြီး သွဝါဖုလ်ဝိဒါအ် ပြုလုပ်ပြီးမှသာ ထွက်ခွါရမည်။

၃။ သရှ်ရီးက်နေ့များတွင် နေမွန်းမလွဲမီ ဂျမ်ရားသ်အား ခဲပေါက်ခြင်း။

စွန္နသ်နည်းလမ်းအမှန်မှာ နေမွန်းလွဲပြီးမှသာ ဂျမ်ရားသ်အား ခဲပေါက်ရမည်ဖြစ်သည်။

၄။ ဂျမ်ရားသ်သုံးခုအား ခဲပေါက်ရာတွင် (ဂျမ်ရားသ် အသေးမှ အကြီးသို့) အစဉ်အလိုက် မပေါက်ခြင်း။

အစဉ်အလိုက် ခဲပေါက်ခြင်းမှာ ဝါဂျိဗ်ဖြစ်သည်။ ပထမ ဂျမ်ရဟ်အသေး၊ ထို့နောက် ဂျမ်ရဟ်အလတ်၊ နောက်ဆုံးတွင် ဂျမ်ရဟ် အကြီးဖြစ်သည့် ဂျမ်ရသုလ်အတ်က်ဗာကို ခဲပေါက်ရမည်။ အကယ်၍ အစဉ်လိုက်မဖြစ်ခဲ့ပါက( သို့ ) ဆန့်ကျင်ဘက်ပြုခဲ့မိပါက ဂျမ်ရဟ်အသေးမှ အကြီးသို့ အစဉ်အလိုက် ပြန်လည်ခဲပေါက်ရန် အရေးကြီးသည်။

၅။ ဂျမ်ရသုလ်အတ်က်ဗာ (ဂျမ်ရားသ်အကြီး)ကို ခဲပေါက်ပြီးနောက် ဒုအာ တောင်းရန် ရပ်ခြင်း။

ဂျမ်ရဟ်အသေးနှင့် အလတ်ကို ခဲပေါက်ပြီးနောက် ဒု အာတောင်းခြင်းသာ စွန္နသ်ဖြစ်သည်။

***

## ၆။ သွဝါဖုလ် ဝိဒါအ်နှင့် ပတ်သက်၍ လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။

၁။ သရှ်ရီးက်ရက်များ၏နောက်ဆုံးနေ့တွင် ခဲပေါက်ပြီး သည်နှင့် ခရီးထွက်ခွါနိုင်ရန်အတွက် ခဲမပေါက်မီအရင် သွဝါဖုလ်ဝိဒါအ်ကို ကြိုလုပ်ခြင်း။

၎င်းသည် မှားယွင်းသောလုပ်ရပ်ဖြစ်ပြီး မည်သူမဆို ထို သို့ပြုလုပ်ခဲ့ပါက ၎င်းသည် အချိန်အခါမဟုတ်ဘဲ ပြုလုပ် ခြင်းဖြစ်သော

ကြောင့် သွဝါးဖ်အထမမြောက်ပေ။ ထို့ကြောင့် ၎င်းသ ည် ခဲပေါက်ပြီးနောက် သွဝါဖုလ်ဝိဒါအ်ကို ပြန်လည်ပြုလု ပ်ရန် တာဝန်ရှိသည်။

၂။ အခြားသူအား ကိုယ်စား ခဲပေါက်ရန် တာဝန်ပေးပြီး ထိုကိုယ်စားလှယ် ခဲမပေါက်မီအရင် သွဝါဖုလ်ဝိဒါအ် ပြု လုပ်ခြင်း။

မှန်ကန်သောအချက်မှာ ကိုယ်စားလှယ် ခဲ ပေါက်ပြီးသည်အထိ စောင့်ဆိုင်းရမည်။ ကိုယ်စားလှယ် ခဲပေါက်ပြီး သွားပါမှ သဝ္ဝါဖုလ်ဝိဒါအ် ပြုလုပ်ရမည်။

၃။ ကအ်ဗဟ်ကျောင်းတော်အား ရိုသေလေးစားသော အားဖြင့် ကျောင်းတော်ဘက်သို့ ကျောမခိုင်းဘဲ (ကျောင်းတော်ဘက်သို့မျက်နှာမူကာ) လှည့်ပြန်ခြင်း။

တရားတော်၌ ထိုသို့ပြုလုပ်ရန် လမ်းညွှန်ထားသည့် အထောက် အထားမရှိပါ။ အကောင်းဆုံးသော လမ်းစဉ်မှာ နဗီတမန်တော်မိုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ၏ လမ်းစဉ်ပင်ဖြစ်သည်။

၄။ မတ်စ်ဂျိဒ်ဟရာမ်ကျောင်းတော်မှ ထွက်ခွာသည့်အခါ ဒုအာဖတ်ရန် ရပ်တန့်ခြင်း။

၎င်းနှင့်ပတ်သက်၍ မည်သည့် အထောက် အထားမျှမရှိပါ။

၅။ တရားတော်မှ ခွင့်ပြုထားသည့်အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ သဝ္ဝါဖုလ်ဝိဒါအ်ပြုလုပ်ပြီးနောက် မက္ကာဟ်တွင် အချိန်ကြာမြင့်စွာ နေထိုင်ခြင်း။

သွဝါဖုလ်ဝိဒါအ်ပြီးနောက် မက္ကာမှ ချက်ချင်းထွက်ခွာရန် ဝါဂျိဗ်ဖြစ် သည်။ သို့ရာတွင် ခရီးသွားဖော်များကို စောင့်ဆိုင်းခြင်း၊ ခရီးဆောင်ပစ္စည်းဝယ်ယူခြင်း စသည့် အကြောင်းများအတွက် (ခနတာ

နေထိုင်ခြင်းမှာ) ပြဿနာမရှိပေ။

အကယ်၍ အ ကြောင်းပြချက်မရှိဘဲ အချိန်ကြာမြင့်စွာနေထိုင်ပါက ၎င်းအပေါ်၌ သွဝါဖုလ်ဝိဒါအ်ကို ပြန်လည်ပြုလုပ်ရန် အ ရေးကြီးသည်။

## တမန်တော်မြတ် ( صلى الله عليه وسلم ) ၏ ဗလီအား ဇိယာရသ်ပြုလုပ်ခြင်းနှင့် ပတ်သတ်၍ တရားတော်နှင့် ဆန့်ကျင်သောလုပ်ရပ်များနှင့် အမှားများ

တမန်တော်မြတ် ( صلى الله عليه وسلم )၏ ကဗရ်ကို ဇေယာရသ်ပြုလုပ်သည့်အခါတွင် နံရံများနှင့် သံတန်းများကို ပွတ်သပ်ခြင်း၊ ချည်မျှင်များ၊၎င်းကဲ့သို့အရာများကို ဗရ်ကသ်ရယူရန် ရည်ရွယ်ချက်ဖြင့် ပြတင်းပေါက်များတွင် ချည်နှောင်ခြင်းဖြစ်သည်။

ဗရ်ကသ်ဟူသည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ် ( صلى الله عليه وسلم) ချမှတ်ပြဋ္ဌာန်းထားသောလမ်းစဉ်၌သာရှိပြီး ဗိဒ်အသ် တရားသစ်တီထွင်မှုများတွင်မရှိချေ။

အုဟုဒ်တောင်ရှိ လိုဏ်ဂူများ၊ ထိုနည်းတူ မက္ကာဟ်မြို့ရှိ ဟိရာလိုဏ်ဂူနှင့် ဆောင်ရ်လိုဏ်ဂူများသို့ သွားရောက်ခြင်း ၊ ထိုလိုဏ်ဂူများတွင် အဝတ်စများကို ချည်နှောင်ခြင်း၊ အလ္လာဟ်အရှင်မြတ် ခွင့်မပြုထားသော ဒုအာများကို တောင်းခံခြင်း၊ယင်းကိစ္စများအတွက် အပင်ပန်းခံခြင်း။

ဤကိစ္စရပ်များသည် သန့်ပြန့်စင်ကြယ်သည့် ရှရီအသ် တရားတော်၌ လုံးဝအခြေအမြစ်မရှိသည့် ဗိဒ်အသ်လုပ်ရပ်များသာဖြစ်သည်။

အချို့နေရာများကို တမန်တော်မြတ် ( صلى الله عليه وسلم ) ၏ အာစားရ် ( သမိုင်းဝင်အမွေအနှစ်နေရာများ) ဟု ထင်မြင်ယူဆကာ သွားရောက်ဇေယာရသ်ပြုလုပ်ခြင်း။ ဥပမာ - တမန်တော်မြတ်( صلى الله عليه وسلم )၏ ကုလားအုတ်မ ထိုင်ခဲ့သည့်နေရာ၊ တမန်တော်မြတ် ( صلى الله عليه وسلم ) ၏လက်စွပ်ပြုတ်ကျခဲ့သည့်ရေတွင်း၊ အွတ်စ်မားန် (رضي الله عنه

) ဝကာဖ်ပြုလုပ်ခဲ့သည့် ရေတွင်းနှင့် ထိုနေရာများမှ မြေကြီးများကို ဗရ်ကသ်ရယူရန် ရည်ရွယ်ချက်ဖြင့် ယူဆောင်ခြင်း။

ဗကီအ်သ်ချိုင်းရှိ ကဗရ်များနှင့် အုဟုဒ်ရှိ ရှဟီဒီတို့၏ ကဗရ်များကို ဇေယာရသ်ပြုလုပ်သည့်အခါတွင် သေဆုံးကွယ်လွန်သူများအား ဟာစ်ခေါ်တသခြင်း (၎င်းတို့ထံဒုအာ တောင်းခံခြင်း)နှင့် ကဗရ်များ၏အနားတွင် ၎င်းကဗရ်များနှင့် နီးကပ်မှုရယူရန်နှင့် ထိုကဗရ်သ်ချိုင်းတွင်းရှိ ပုဂ္ဂိုလ်များ၏ အကြောင်းခံဖြင့် ဗရ်ကသ်ရယူရန် ရည်ရွယ်ချက်ဖြင့် ပိုက်ဆံများကို ပစ်ကြဲချခြင်း။

ဤသည် အလွန်ကြီးလေးသော အမှားများဖြစ်ရုံသာမက ရှိရ်က်အက်ဗရ် (ကြီးလေးသော ရှိရ်က်တုဖက်နှိုင်းယှဉ်မှု) အနက်မှလည်းဖြစ်သည်။ သာသနာ့ ပညာရှင်များက ထိုအတိုင်းပင် တင်ပြခဲ့ကြသလို ကုရ်အာန်နှင့် တမန်တော်မြတ် (صلى الله عليه وسلم) ရဲ့စွန္နသ်တော်ကလည်း ထိုလုပ်ရပ်များမှာကြီးလေးသော ရှိရ်က်ဖြစ်ကြောင်း ညွှန်ပြလျှက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် အိဗာဒသ်ခဝပ်ကိုးကွယ်မှုသည် အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းအဖို့သာ ဖြစ်ပြီး၊

ထို အိဗာဒသ်ခဝပ်ကိုးကွယ်မှုများအနက် တစ်စုံတစ်ရာကို ဥပမာ ဒုအာတောင်းခံခြင်း၊ ဇဗဟ်လုပ်ခြင်း၊ နဇရ်ကိုးခြင်း စသည်တို့ကို အလ္လာဟ်အရှင်မြတ်မှအပ အခြားမည်သူ့အတွက်မျှပြုလုပ်ခွင့်မရှိပေ။ အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူခဲ့သည်။

﴿وَمَآ أُمِرُوٓاْ إِلَّا لِيَعۡبُدُواْ ٱللَّهَ مُخۡلِصِينَ لَهُ ٱلدِّينَ...﴾

(ထို့ပြင် သူတို့သည် အလ္လာဟ် အရှင်မြတ်ကိုသာ ကိုးကွယ်မှုကို အရှင်မြတ်အတွက် သက်သက် ဖြစ်စေလျက် အာရုံစူးစိုက်ပြီး ကိုးကွယ်ကြရန်၊ အမိန့်ပေးတော်မူခြင်းကို ခံခဲ့ကြရသည်မှလွဲ၍ အခြား မည်သည့် အရာမျှ အမိန့်ပေးခြင်း ခံခဲ့ကြရသည် မဟုတ်ပေ)။ စူရဟ် ဗိုင်ယ်ယိနဟ် : အာယသ် (၅)

ကျွန်ုပ်တို့၏ မြတ်နဗီ တမန်တော် မုဟမ္မဒ်အပေါ်သို့အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ကောင်းချီးမင်္ဂလာနှင့် ငြိမ်းချမ်းသာယာမှုများကျရောက်ပါစေ။

# မာတိကာ


ဟဂ်ျ၊ အွမ်ရာနှင့် ဇေယာရသ် ပြုလုပ်ခြင်းတို့တွင် တရားတော်နှင့် ဆန့်ကျင်သည့်လုပ်ရပ်များ......2

အွမ်ရာနှင့်ပတ်သက်သည့် တရားတော်နှင့် ဆန့်ကျင်၍ ကျူး လွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။......2

(၁) အဲဟ်ရာမ် ပြုလုပ်ရာတွင် လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။......2

၂။ သွဝါးဖ်လုပ်ရာတွင် လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။......11

၃။ စအီပြေးရာတွင် လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။......20

၄။ ခေါင်းရိတ်ခြင်း သို့မဟုတ် ဆံပင်ညှပ်ရာတွင် လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။......24

ဟဂ်ျနှင့်ပတ်သတ်သော တရားတော်နှင့်ဆန့်ကျင့်သည့်လုပ်ရပ်များနှင့် အမှားများ။......25

၁။ ယောင်မွတ်သရ်ဝိယဟ် ( ဇုလ်ဟဂ်ျလ ၈ ရက် )နေ့၌ လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။......25

၂။ အရဖဟ်နေ့၌ လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။......27

၃။ မုဇ်ဒလိဖဟ်သို့ သွားခြင်းနှင့် ထိုနေရာ၌ ညအိပ်ရာတွင် လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။.................... 33
၄။ ယောင်မွန်နဟရ် ( ဇုလ်ဟဂ်ျလ ၁၀ ရက် ) နေ့၏ အမလ်ကျင့်ဆောင်မှုများနှင့် ပတ်သက်၍ လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။...................................................................... 36
၅။ သရ်ှရီးက် နေ့များ၏ အမလ်ကျင့်ဆောင်မှုများနှင့် ပတ်သက်၍ လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။.................... 42
၆။ သွဝါဖုလ် ဝိဒါအ်နှင့် ပတ်သက်၍ လူတို့ကျူးလွန်လေ့ရှိသည့် လုပ်ရပ်များနှင့် အမှားများ။...................................................................... 44
တမန်တော်မြတ် ( صلى الله عليه وسلم ) ၏ ဗလီအား ဇိယာရသ်ပြုလုပ်ခြင်းနှင့် ပတ်သတ်၍ တရားတော်နှင့် ဆန့်ကျင်သောလုပ်ရပ်များနှင့် အမှားများ.............................................. 46